
ဘုန်းမြှတ်ခေါင်နှင့်
ဝိညာဉ်မလေး ငိုရှိုက်သံ
နေဇင်သော်

# အခန်း(၁)

ညမှောင်မှောင် လူသူ ပြတ်လပ်သော လမ်းကြား တစ်နေရာ ဆီသို့ ကားဖြူလေး တစ်စီး အမြန်နှုန်း တင်ကာ ပြေးလာနေသည် ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ထိုကားထဲမှ လူသည် အရေးတကြီး ဖြစ်နေပုံ ရသည် ။ တစ်အောင့်အကြာ သစ်ပင် ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်သောနေရာ အရောက်တွင် ထိုကားဖြူလေး ရပ်တန့်လိုက်ပြီး ကားပေါ်မှ အမျိုးသား နှစ်ယောက် အမြန်ဆင်းလာခဲ့သည် ။

ပြီးလျှင် ကားနောက်ခန်း တံခါးကို အမြန် ဖွင့်လိုက်ကြပြီး အထဲသို့ ဝင်ကာ ဖျာလိပ်ဖြင့် ပတ်ထားသော အရာတစ်ခုကို အောက်သို့ သယ်ချလိုက်ကြသည် ။

ထို့နောက် အရှေ့ တစ်ယောက် အနောက် တစ်ယောက် မကာ သစ်ပင် ချုံနွယ်များ ထူထပ်သောနေရာသို့ သွားလိုက်ကြပြီး ပစ်ချကာ ကားဆီသို့ အမြန် ပြန်လာ လိုက်ပြီးနောက် ကားကို အရှိန်မြင့်စွာ ပြန်လည်မောင်းထွက် သွားတော့သည် ။

***

အခုတလော မှူခင်း မဖြစ်သည် မှာ ရက်အတော် ကြာပြီ ဖြစ်သော ကြောင့် အလုပ်အားနေ သဖြင့် သူငယ်ချင်း နေဇော်၏ အိမ်သို့ ဂျစ်ကား လေးကို မောင်းကာ ဘုန်းမြတ်ခေါင် ထွက်လာလိုက်သည် ။

ည (၆)နာရီမျှ ရှိပြီ ဖြစ်သောကြောင့် အနည်းငယ်လည်း မှောင်နေပြီး လူပြတ်သည့် လမ်းဖြစ်သဖြင့် သူ၏ ကားစက်သံမှ လွဲ၍ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည် ။

သီချင်းလေး ညည်းကာ အေးအေး လူလူဖြင့် ဘုန်းမြတ်ခေါင် ကား မောင်း လာနေတုန်း ရုတ်တရက် မိန်းကလေး တစ်ဦး ကားရှေ့သို့ ပြေး ဝင် လာသဖြင့် ကားဘရိတ်ကို ဆောင့်နင်း လိုက်ရ၏။

ကျွီး ...

"ဒုက္ခပဲ တိုက်မိ သွားပြီလား မသိဘူး"

ပြောရင်း ကားပေါ်မှ အမြန်ဆင်းကာ သွားကြည့် လိုက်သော အခါ မ ည်သူမှ ရှိမနေ သဖြင့် ဘုန်းမြတ်ခေါင် အံ့ဩ သွားရသည် ။

"ဟာ ဘာဖြစ်တာလဲဟ၊ ငါပဲ အမြင် မှားတာလား"

ဘုန်းမြတ်ခေါင် ခေါင်းကုတ်ကာ ဇဝေဇဝါ ဖြစ်နေတုန်း ...

"အင့်ဟင့်ဟင့် ... အင့်ဟင့်"

မိန်းကလေး တစ်ဦး၏ ငိုသံသဲ့သဲ့က နားထဲသို့ တိုးဝင် လာခဲ့သည် ။

"ဘယ်က မိန်းကလေး ငိုနေတာပါလိမ့်"

ငိုသံကို နားစွင့်လိုက်ပြီး အသံကြားရာ ဆီသို့ မှန်းကာ ဘုန်းမြတ်ခေါ

င် လျှောက်လာ လိုက်သည် ။

သစ်ပင် ချုံနွယ်များ ထူထပ်စွာ ပေါက်နေသော လမ်းဘေး တစ်နေရာ အရောက်တွင်  ငိုသံတိတ်သွားပြီး ပုပ်နံ့က ထောင်းခနဲ နှာခေါင်းထဲသို့ တိုးဝင်လာသည့် အတွက် ဘုန်းမြတ်ခေါင် မျက်နှာမဲ့ သွားပြီး လက်ဖြင့် နှာခေါင်းကို အမြန် ပိတ်လိုက်သည် ။

"ဘာလို့ ဒီလောက်တောင် ပုပ်နေ ရတာပါလိမ့်"

ပြောရင်း ဘောင်းဘီအိတ် ထဲမှ ဖုန်းကို နှိုက်ထုတ်လိုက်ပြီး ဖုန်းမီးကို ဖွင့်ကာ ချုံထဲသို့ ဝင်လိုက်သည် ။

ပြီးလျှင် ခြေထောက်ဖြင့် ဟိုလှန်ဒီလှန် ရှာဖွေလိုက်စဉ် တစ်စုံတစ်ခုကို ထိမိ သွားသဖြင့် ဖုန်းမီးဖြင့် သေချာ ထိုးကြည့် လိုက်သည် ။

ထိုအခါ ကြိုးဖြင့် ချည်နှောင် ထားသည့် ဖျာလိပ် တစ်ခုကို တွေ့သွားပြီး ချည်ထားသော ကြိုးကို ဖြေလိုက်သော အခါ ပုပ်ပွနေပြီ ဖြစ်သော မိန်းကလေး တစ်ဦး၏ အလောင်းကို တွေ့လိုက်ရသည် ။

"အလောင်း တစ်လောင်း ပါလား"

ရဲစခန်းသို့ ဘုန်းမြတ်ခေါင် ဖုန်းခေါ်ပြီး အကျိုးကြောင်း ပြောပြကာ ခေါ်လိုက်ပြီး ရဲတွေမလာခင်အလောင်းကို သေချာ စစ်ဆေး ကြည့်နေလိုက်သည် ။ ထိုအခါ သေဆုံးသူ မိန်းကလေး၏ လက်ထဲတွင် တစ်စုံတစ်ခုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထားသလို လက်သီးဆုပ် ထားသည် ကို တွေ့လိုက်ရသည့် အတွက် လက်အိပ်စွပ်ကာ ဆုပ်ထားသော လက်ကို ဆွဲခွာလိုက်စဉ် အင်္ဂလိပ် စာလုံး (M)ပုံစံ လော်ကတ်လေးနှင့် ပလက်တီနမ် ဆွဲကြိုးလေး တစ်ကုံးကို တွေ့လိုက်ရသည် ။ ထိုဆွဲကြိုးကို ဘုန်းမြတ်ခေါင် ယူလိုက်ပြီး ဘောင်းဘီအိတ်ထဲ ထည့်ထား လိုက်သည် ။

ထိုစဉ် ရဲကား (၃)စီးနှင့် ဆေးရုံကား (၁)စီး အသံပေးကာ ရောက်လို့လာခဲ့ပြီး ဒုရဲအုပ် မင်းခန့်ပိုင်နှင့် အဖွဲ့သားများ ဆင်းလာကြသည် ။

ပြီးလျှင် အလောင်းကို အနေအထား အမျိုးမျိုး ဓာတ်ပုံ ရိုက်ယူပြီးနောက် ဆေးရုံ ကားပေါ်သို့ တင်လိုက်ကြသည် ။ ဒုရဲအုပ် မင်းခန့်ပိုင်လည်း ဘုန်းမြတ်ခေါင်အား တစ်ချက် စိုက်ကြည့် ပြီးနောက် ကားပေါ်သို့ တက်ကာ မောင်းထွက် သွားတော့သည် ။

ထိုအခါမှ ဘုန်းမြတ်ခေါင်လည်း သူ၏ ဂျစ်ကားဆီသို့ သွားလိုက်ပြီး သူငယ်ချင်း နေဇော်ဆီသို့ ဆက်မသွား တော့ပဲ အိမ်သို့သာ ပြန်လည် မောင်းလာလိုက်၏။

***

# အခန်း(၂)

ည(၁၀)နာရီ ရှိပြီ။ ဘုန်းမြတ်ခေါင် တစ်ယောက် မနေ့ညက တွေ့ခဲ့သည့် မိန်းကလေး အလောင်း လက်ထဲမှ ယူလာသော ပလက်တီနမ် ဆွဲကြိုးလေးကို ကြည့်ကာ အဖြေ ရှာနေမိသည် ။

သည် ဆွဲကြိုး လေးသည် အမှုနှင့် ပတ်သက်ပြီး အရေးကြီးသည့် သဲလွန်စ တစ်ခု ဖြစ်သည် ။

ဆေးရုံမှ အလောင်း စစ်ဆေးချက် အဖြေကို မနက်ဖြန်မှ ရမည်ဆိုသဖြင့် ထိုအဖြေကို စောင့်ဆိုင်းပြီးမှ အမှုကို ဆက်ပြီး စုံစမ်းရမည် ဖြစ်သည် ။ ထိုဆွဲကြိုးလေးကို ကြည့်နေရင်းနှင့် ဘုန်းမြတ်ခေါင် ငိုက်လာသလို ဖြစ်လာခဲ့သည် ။

ထိုင်နေရင်းနှင့် ချက်ချင်းကြီး မျက်လုံး ဖွင့်မရ လောက်အောင် ငိုက်လာသည် ကို နားမလည်နိုင်ဖြစ်နေတုန်း စားပွဲပေါ်သို့ ခေါင်းချကာ ဘုန်းမြတ်ခေါင် အိပ်ပျော် သွားတော့သည် ။

"အင့်ဟင့်ဟင့် ... အင့်ဟင့်"

မိန်းကလေး တစ်ဦး၏ ဝမ်းပန်းတနည်း ရှိုက်ငိုသံက နားထဲသို့ တိုးဝင် လာသည့် အတွက် အံ့အားသင့်စွာ ဘုန်းမြတ်ခေါင် ဆက်ပြီး နားစွင့်လိုက်သည် ။

"အင့်ဟင့်ဟင့် ... အင့်ဟင့်ဟင့်"

ငိုသံ ထပ်မံ ထွက်ပေါ် လာသည့် အခါမှ တော့ အသံကို ရင်းရင်းနှီးနှီး ကြားဖူးသလို ခံစားလိုက်ရပြီး အသံမှာ အိမ်အပြင် ခြံထဲမှ ဖြစ်သော ကြောင့် ဘုန်းမြတ်ခေါင် အိမ်အပြင်သို့ ထွက်လာ လိုက်သည် ။ ထိုအခါ ခြံထဲရှိ ခုံတန်းလေးတွင် ထိုင်နေသော အပြာနုရောင် ထဘီနှင့် ရင်ဖုံး အင်္ကျီ ဝမ်းဆက်ကို လိုက်ဖက်စွာ ဝတ်ဆင်ထားသည့် ဆံပင်ရှည် ဖားလျားချလျက် ခေါင်းငုံ့ကာ ထိုင်ငိုနေသော မိန်းကလေး တစ်ဦးကို တွေ့လိုက် ရသဖြင့် အနားသို့ ဘုန်းမြတ်ခေါင် သွားလိုက်သည် ။

"ဒီမှာ ဒီမှာ မင်းက ဘယ်သူလဲ၊ ဘာကြောင့် ငါ့ခြံထဲမှာ လာငို နေရ တာလဲ"

ဘုန်းမြတ်ခေါင် အမေးကြောင့် ထိုမိန်းကလေး ခေါင်းငုံ့ နေရာမှ မော့ လာပြီး ဘုန်းမြတ်ခေါင်ကို သနားစဖွယ် မျက်လုံးလေးဖြင့် ကြည့် လိုက်သည် ။

မိန်းကလေး၏ မျက်နှာကို သေချာ တွေ့လိုက်ရသည့် အခါမှာ တော့ မျက်ရည် ဝိုင်းနေသော မျက်လုံး နက်နက်လေးနှင့် ပန်းရောင် သန်းနေ သော နှုတ်ခမ်းလွှာ၊ နှာတံပေါ်ပေါ် မျက်နှာဝိုင်း ကလေးနှင့် အလွန် ချောမော လှပသည့် မိန်းကလေး တစ်ဦး ဖြစ်ကြောင်း ဘုန်းမြတ်ခေါင် သိလိုက်ရသည် ။

"ကျွန်မကို ကူညီပါရှင်၊ ကျွန်မကို ကူညီပါနော် အစ်ကို"

" ဟေ ငါက မင်းကို ဘာကူညီရမလဲ"

သနားစဖွယ် မျက်နှာလေးဖြင့် မိမိအား ဘာကြောင့် အကူညီ တောင်းသည် ကို ဘုန်းမြတ်ခေါင် နားမလည်နိုင် သွားရသည် ။

"ကျွန်မကို ကူညီပါ အစ်ကို၊ အစ်ကို ကူညီမှ ပဲရမှာ မို့လို့ ပါ"

ပြောရင်း ဘုန်းမြတ်ခေါင်၏ လက်တစ်ဖက်ကို ထိုမိန်းကလေး ကိုင်ကာ လက်ဝါး ဖြန့်စေ လိုက်ပြီး ဆွဲကြိုးလေး တစ်ကုံး ထည့်ပေးလိုက်သည် ။

ပြီးလျှင် ထိုမိန်းကလေးသည် အငွေ့ပမာ ပျောက်ခြင်းမလှ ပျောက်သွား သဖြင့် ဘုန်းမြတ်ခေါင်အံ့အားသင့် သွားပြီး ဟိုဟိုဒီဒီ ကြည့်ကာ ရှာလိုက်မိသည် ။ သို့ပေမဲ့ ထိုမိန်းကလေးကို အရိပ်ယောင်မျှပင်မတွေ့ရတော့ချေ။

ထိုမိန်းကလေး သူ့လက်ထဲသို့ ထည့်ပေး လိုက်သည့် ဆွဲကြိုးလေးကို ဘုန်းမြတ်ခေါင် သေချာ ကြည့်လိုက်သည့် အခါမှာ တော့ မနေ့က သူတွေ့ခဲ့သော မိန်းကလေး တစ်ဦး၏ အလောင်း လက်ထဲမှ သက်သေခံ ပစ္စည်း အနေဖြင့် ယူလာသည့် အင်္ဂလိပ်စာလုံး (M)ပုံစံ လော်ကတ်သီးလေးနှင့် ပလက်တီနမ် ဆွဲကြိုးလေး ဖြစ်နေသဖြင့် အံ့ဩပြီးရင်း အံ့ဩသွားရသည် ။ ထိုဆွဲကြိုးလေးကို ဘုန်းမြတ်ခေါင် လက်တွင် သေချာစွာ ဆုပ်ကိုင် ထားလိုက်မိသည် ။

"ဟင် ငါ ... ငါအိပ်ပျော်သွားတာပဲ"

စားပွဲနှင့် မျက်နှာ အပ်လျက်သား အိပ်ပျော်နေရာမှ ဘုန်းမြတ်ခေါင် ပြန်လည် နိုးလာခဲ့သည် ။ အိပ်မက်ထဲတွင် တွေ့ခဲ့သည့် မိန်းကလေး ပုံရိပ်တွေကို ပြန်လည် မြင်ယောင် လာမိပြီး လက်ထဲမှ ဆွဲကြိုးလေးကို ပြန်ကြည့် လိုက်သည် ။

ဒီဆွဲကြိုးကိုင်ပြီး အိပ်ပျော်သွားလို့ စိတ်စွဲပြီး အိပ်မက် မက်တာလား၊ ဒါမှ မဟုတ် ဒီဆွဲကြိုးလေးနဲ့ အိပ်မက်ထဲက မိန်းကလေးက ဆက်နွှယ်မှုများ ရှိနေတာလား ...

စိတ်ထဲတွင်  အတွေးပေါင်းစုံ တို့ က နေရာယူလို့ ထားပြီး ဘုန်းမြတ် ခေါင် ဆက်ပြီး အိပ်၍ မပျော်တော့ပေ။

***